
ရွှေရည်လူးတဲ့အိပ်မက်
စာရေးသူ – မင်းသရ

`ဟော့ကောင်လေး...´

`ဗျာ´

မင်းလွင်ငြိမ်းတစ်ယောက် အဆောင်မှူးရဲ့ ခေါ်သံကို စိတ်မရှည်စွာ ပြန်ထူးမိလေပြီ...။ သူက ကဗျာရေးနေချိန်တွင် မည်သူနှင့်မျှ အဆက်အဆံပြုလိုခြင်း ရှိသူမဟုတ်...။

`မင်းကလည်း ... စိတ်ကြီးကျယ်နေသေး... ဟိုမှာ မင်းဧည့်သည်တွေ ရောက်နေလို့ ကွ...´

မင်းလွင်ငြိမ်းလည်း အဆောင်မှူး ဦးအေးကြူ၏ စကားကြောင့် ရေးလက်စ ကဗျာစာရွက်ကိုခေါက်၍ စာအုပ်တစ်အုပ်ကြား ညှပ်ကာ အဆောင်ရှေ့ဧည့်ခန်းသို့ ခပ်သွက်သွက် ထွက်လာခဲ့တော့သည် ...။

`ဩော်... ဘယ်သူတွေများ လဲလို့ ...´

ဧည့်ခန်းထဲတွင် ဧည့်သည် မဟုတ်သော သူ့သူငယ်ချင်းများ နှင့် ဧည့်သည် နှစ်ယောက် ထိုင်နေသည် ကို တွေ့လိုက်ရသဖြင့် တရင်းတနှီးပင် ခရီးဦးကြိုပြုလိုက်မိသည် ။ ခင်ခင်ချို၊ သန္တာနှင့်စုစုပိုင်တို့ က ဧည့်သည် နှစ်ယောက် အနက် အနေအေးပုံရသည့် ခပ်ချောချော ကောင်မလေးမှာ ကဗျာဆရာမလေး တစ်ဦးဖြစ်ရန် ကြိုးစားနေသော ယဉ်သူဖြစ်ပြီး မျက်မှန်တပ်ထားသည့် ခပ်သွက်သွက် ကောင်မလေးမှာ ကဗျာရော ပန်းချီပညာမှာ ပါ ဝါသနာကြီးပြီး မိုးစန္ဒာဟု အမည်ရကြောင်း မိတ်ဆက်ပေးလေသည် ။

`ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်…´

မင်းလွင်ငြိမ်းက အလိုက်အထိုက် နှုတ်ဆက်ပြီး လာရင်းကိစ္စကို မေးမြန်းရာ မိုးစန္ဒာက…

`ဒီလိုပါ… မိုးတို့ က သူငယ်ချင်းနှစ်ယောက် ကဗျာစာအုပ်လေး ထုတ်ချင်တယ်လေ… အဲဒါ ကိုမင်းလွင်နဲ့ တခြားကဗျာဆရာ နှစ်ယောက် သုံးယောက်လောက် ပါဝင်အားဖြည့်စေချင်လို့ …´

`ဩော်… ဟုတ်ကဲ့ ရပါတယ်ဗျ… ပါမယ့်လူတွေစုပြီး တစ်ရက်လောက် အသေးစိတ် တိုင်ပင်ကြတာပေါ့…´

ဒီလိုနဲ့ ဟိုပြောဒီပြော ပြောကြပြီး မကြာခင် သူတို့ ပြန်သွားကြလေသည် ။ ထူးခြားချက်မှာ ယဉ်သူဆိုသော ကောင်မလေးက `ပြန်လိုက်ပါဦးမယ်´ ဟူသော စကားကလွဲ၍ ဘာမှ ပြောမသွားခြင်းပင်…။

`အတော် အနေအေးတာပဲ´ ဟု မှတ်ချက်ချရင်း ကဗျာစာအုပ်အတွက် ကဗျာအသစ်များ အကြောင်း တွေးတောနေမိသည် ။ သူများ နှင့်မတူသော ဆန်းသစ်တီထွင်မှု အသစ်များကို သူဖန်တီးချင်မိသည် ။

သူကလည်း တက္ကသိုလ်နယ်မြေမှ ကလောင်ရှင်တစ်ဦးပဲလေ…

`နာရီတွေ လမ်းလျှောက်သံကိုမေ့

တခုပ်တရ ခံစားမိသလောက် ငါရေးတယ်…

မက်မက်စက်စက် တစ်ရင်လုံး လှပ်တတ်တယ်…´

`ငါ့ရင်ပွင့်လက်တဲ့ အထိ ဇန်နဝါရီဆန်ဆန် ရေးမယ်…´

ဒီဇင်ဘာမှာ နေချင်တဲ့ ကောင်တွေ နေခဲ့တော့…´

(ဗျာရှင်၏ `လူညံ့တစ်ယောက်ရဲ့ ကဗျာ´မှ )

***

ယဉ်သူတို့ ခေါ်လာသော ကဗျာဆရာ နှစ်ယောက်နှင့်သူ စကားလက်ဆုံကျနေတော့ သွက်လွန်းသည့် မိုးစန္ဒာပင် နားထောင်သူ သက်သက်မျှသာ...။ နောက်ဆုံး အကျဉ်းချုပ်တော့ စာအုပ်အတွက် ပြင်ဆင်ကြရန် အစီအစဉ် ဆွဲနိုင်ခဲ့သည် ...။

များ မကြာမီ ကဗျာစာအုပ်လေး ထွက်လာတော့ သူတို့ တက္ကသိုလ်တစ်ခုလုံးတွင် လူတိုင်း၏ ပါးစပ်ဖျားမှာ စာအုပ်ထဲမှ စကားလုံးများ ဖူးပွင့်ကုန်ကြသည် ။ တချို့ကလည်း မင်းလွင်ငြိမ်း၏ ကဗျာများကို ဝေဖန်ကြလေသည် ။ မည်သို့ပင်ဖြစ်စေ သူတို့ စာအုပ်ကလေး အောင်မြင်ခဲ့သည် ။

မိုးစန္ဒာနှင့်သူလည်း တစ်လကျော်ကာလ တစ်ခုမှာ မောင်နှမအရင်းသဖွယ် ရင်းနှီးလာခဲ့ပြီး ယဉ်သူနှင့်လည်း `ပြန်လိုက်ပါဦးမယ်´ဆိုသော အနေအထားမျှ မဟုတ်တော့ချေ...။

တစ်နေ့တွင် မိုးစန္ဒာနှင့်သူ ပို့စ်မော်ဒန် သဘောတရားအကြောင်း ကြီးကြီးကျယ်ကျယ် ဆွေးနွေးနေခိုက် သူတို့ ရှိရာ လက်ဖက်ရည်ဆိုင်ကလေးသို့ ယဉ်သူတစ်ယောက် ဆောင့်ကြီးအောင့်ကြီး ဝင် လာလေသည် ။ ယဉ်သူလို မိန်းကလေး၏ ယခုကဲ့သို့ အမူအရာမျိုးကို မမြင်ဖူးခဲ့၍ တအံ့တသြကြီး ကြည့်နေသော သူ့ကြောင့် ယဉ်သူတစ်ယောက် ကိုယ်ရှိန်သတ်သွားပြီး...

`စိတ်မရှိပါနဲ့ ကိုမင်းလွင်ရယ်... အိမ်က ထွက်လာကတည်းက လမ်း

တောက်လျှောက် အကောင်တစ်ကောင် လိုက်လာလို့ ...´

`အာ... အားနာရမယ့်သူတွေမှ မဟုတ်တာဗျာ... ယဉ်သူ့နောက် လိုက်လာတယ် ဆိုတာ...´

`ဟုတ်ပ ... ဘာကောင်မှန်းကို မသိဘူး...´

သူကနှစ်ခုံကျော်မှ သူတို့ ဝိုင်းဘက် လှမ်းကြည့်နေသော လူရွယ်တစ်ယောက်အား ရည်ညွှန်း၍ မေးလေရာ ယဉ်သူက ဟုတ်ကြောင်း ပြန်ပြောခြင်းဖြစ်သည် ။

အိမ်အပြန်လမ်းတွင် ယဉ်သူ့ကိုစိတ်မချ၍ သူနှင့်မိုးစန္ဒာတို့ လိုက်ပို့ကြပြီးနောက် အသီးသီးလမ်းခွဲကာ ပြန်လာကြသည် ။ သူ့စိတ်ထဲတွင် တော့ အဲဒီနေ့တစ်နေ့လုံး ကြည်လင်မှုမရှိခဲ့...။ `ငါဘာဖြစ်တာပါလိမ့်´သူ့ကိုယ်သူ အဖန်ဖန် သုံးသပ်ကြည့်မိသည် ။ အမှန်တော့ သူသည် အချစ်အကြောင်း စဉ်းစားရင်း ချစ်ဖို့ မေ့နေသူတစ်ယောက် ဖြစ်ကောင်းဖြစ်လိမ့်မည်။ အခုမှ အိပ်ရာက နိုးလာသူ တစ်ယောက်လို သူ့ကိုယ်သူ ပြန်တွေ့ရှိခဲ့လေပြီ။

အချစ်ရဲ့ နူးညံ့မှုကို ကဗျာက ဒူးထောက်ရချိန်တွေလည်း ရှိပါရဲ့ ...

***